| **immunization record** | ကာကွယ်ဆေးမှတ်တမ်း | Immunization records provide a history of all the vaccines you or your child received. This record may be required for certain jobs, travel abroad, or school registration. | Do I need to take my child's immunization record with me when I enroll him for school? | ကျွန်မကလေးကို ကျောင်းမှာ စာရင်းသွင်း တဲ့အခါ ကလေးရဲ့ ကာကွယ်ဆေး မှတ်တမ်းကို ယူသွားဖို့ လိုလား။ |

| | | | | |
|---|---|---|---|---|
| **inspect (to)** | စစ်ဆေးခြင်း | To look at something closely, typically to assess its condition. | The appraiser will come out to inspect the damages to the vehicle. | တန်ဖိုးဖြတ်တဲ့ လူကကားပျက်စီး တာတွေ ကြည့်ရှု စစ်ဆေးဖို့ လာလိမ့်မယ်။ |
| **insurance** | အာမခံ | Coverage by contract in which one party agrees to cover another for loss that occurs under the terms of the contract | It's a good thing I have flood insurance, because we are close to the lake and the rain lasted all night | ရေကြီးတာအတွက် အာမခံ ကျွန်မမှာ ရှိတာတစ်ခု ကောင်းတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်မတို့က ကန်နဲ့နီးပြီး မိုးတစ်ညလုံး ရွာခဲ့လို့။ |
| **insured** | အာမခံရှိတဲ့လူ | One who has or is covered by an insurance policy. | Are you the insured and is the vehicle in your name? | ရှင်ကအာမခံ ရှိတဲ့လူလား။ ကားကလဲ ရှင့်ကားလား။ |

| | | | | |
|---|---|---|---|---|
| **interest rate** | အတိုးနှုန်း | The percentage of the value of a balance or debt that one pays or is paid each time period. | The advantage of consolidating your debts is that at the end you would only have one monthly payment and one interest rate. | ရှင့်အကြွေးတွေ အားလုံး စုပေါင်း လိုက်ခြင်းရဲ့ အားသာချက်က နောက်ဆုံးကျရင် လစဉ်တစ်ခါ ဘဲပေးရမယ်။ အတိုးနှုန်းက လည်းတစ်ခုဘဲ ဖြစ်သွားမယ်။ |
| **itching** | ယားခြင်း | Skin tingling or irritation that makes you want to scratch the affected area. | Is the rash on your arm itching or burning? If so, you will need to make an appointment with a dermatologist. | ရှင့်လက်က အနီဖုက ယားလား ၊ပူလား။ တကယ်လို့ အဲဒီလို ဖြစ်ရင် ရှင်အရေပြား အထူးကုနဲ့ ရက်ချိန်းလုပ် ဖို့လိုတယ်။ |
| **landlord** | အိမ်ရှင် | One that owns and rents land, buildings, or dwelling units. | Please call your landlord to report any problems with interior plumbing or electricity. | အိမ်တွင်းက ရေပိုက်(သို့) လျှပ်စစ်မီး နဲ့ဆိုင်တဲ့ ဘာပြဿနာ ဖြစ်ဖြစ် ကျေးဇူးပြုပြီး ရှင့်အိမ်ရှင် ကိုခေါ်ပါ။ |

| | | | | |
|---|---|---|---|---|
| **late fee** | နောက်ကျကြေး | An extra charge assessed if a payment is made after a stated date. | In order to avoid late fees, you may want to authorize an automatic withdrawal. We would draft the money from your bank account on the day you authorize us to do so. We do no charge you for doing this. | နောက်ကျကြေး ကိုရှောင်ဖို့ ၊အလိုအလျှောက် ပိုက်ဆံထုတ်တာကိုရှင် ခွင့်ပြုဖို့ လိုလိမ့်မယ်။ အဲဒါလုပ်ဖို့ ခွင့်ပေးထားရင်ရှင်ခွင့်ပြု ထားတဲ့နေ့မှာ ရှင့်စာရင်း ထဲကနေ ပိုက်ဆံယူပြီးကျွန်မတို့ ပေးပေးမယ်။ အဲဒါလုပ်လို့ ရှင့်ဆီက အခကြေးငွေ မတောင်းဘူး။ |
| **layoff** | အလုပ်ပါးလို့အလုပ်နားခံရခြင်း | The act of suspending or dismissing an employee, as for lack of work or because of corporate reorganization. | I was recently laid off from my job and need to know how soon I can apply for unemployment benefits. | မကြာသေးခင် ကဘဲကျွန်မအလုပ် ကနေ ၊အလုပ်ပါးလို့ ကျွန်မအလုပ် နားခံခဲ့ရတယ်။ ဘယ်တော့လောက် အလုပ်လက်မဲ့ ခံစားခွင့်လျှောက် လို့ရမလဲ ဆိုတာကျွန်မ သိဖို့လိုတယ်။ |
| **layover** | ခရီးမဆုံးခင် လေယာဉ်တစ်ခုက နောက်တစ်ခု မပြောင်းခင် စောင့်ရတဲ့ အချိန် | A stop during a trip, for refueling, changing planes, or picking up/dropping off passengers. | Your flight departs at 8:00 am Pacific time and you have a layover in New York City before changing planes, arriving in Rome the next day. | ရှင့်လေယာဉ် ပစိဖိတ်အချိန် မနက်(၈) နာရီက ထွက်မယ်။ လေယာဉ် မပြောင်းခင် New York မြို့မှာ တစ်ခါစောင့်နေရမယ်။ Rome ကိုနောက်နေ့ မှာရောက်မယ်။ |

| | | | | |
|---|---|---|---|---|
| **Liability insurance** | တစ်ဖက်ဘဲဝယ်ထားတဲ့အာမခံ | Liability insurance only pays for bodily injuries or property damage suffered by others when you are at fault in an accident | Since the accident was your fault, the other driver will be covered under the liability insurance portion of your policy. | ဒီယာဉ်တိုက်မှုက ရှင့်အမှားဖြစ်လို့ ရှင့်အာမခံ ပေါ်လစီရဲ့ တခြားဘက်က လူရဲ့ အပျက်အစီးကို လျော်ပေးတဲ့ အာမခံ အပိုင်းကနေ တခြား ယာဉ် မောင်းသူကို ကုန်ကျစရိတ် ပေးလိမ့်မယ်။ |
| **license plate number** | ကားလိုင်စင်ပြားနံပါတ် | A metal plate that bears a sequence of numbers, letters, or both and is issued by a government to identify an officially registered vehicle. | I gave the officer the license plate number of the other car that was involved in the accident. I hope they can find the guy who ran the red light. | ယာဉ်တိုက်မှုမှာ ပါဝင်တဲ့ တခြားကားရဲ့ ကားလိုင်စင် ပြားနံပါတ် ၊အရာရှိကို ကျွန်မ ပေးလိုက်တယ်။ မီးနီကို ဖြတ်မောင်းတဲ့ အဲဒီလူကို သူတို့ရှာ နိုင်မယ်လို့ ကျွန်မမျှော်လင့် ပါတယ်။ |
| **lobby** | ထိုင်စောင့်တဲ့ခန်းမ | A hall, foyer, or waiting room at or near the entrance to a building, such as a hotel or theater. | When you arrive at the hotel, please go to the lobby to check in. | ရှင်ဟိုတယ် ရောက်တဲ့အခါ ရှင်ရောက်ကြောင်း အသိပေးဖို့ ကျေးဇူးပြုပြီး ဧည့်သည် စောင့်တဲ့ခန်းမ ကိုသွားပါ။ |

| | | | | |
|---|---|---|---|---|
| **mailing address** | စာလက်ခံရတဲ့လိပ်စာ | The address at which a person or business receives letters or packages, which can be different from the place where they work or live. | I need to know your mailing address if it is different from the physical address of the property. | အကယ်၍ ရှင်စာလက်ခံ ရရှိတဲ့ လိပ်စာက နေတဲ့လိပ်စာနဲ့ ကွဲပြားခြားနားရင် စာရတဲ့လိပ်စာ ကျွန်မသိဖို့ လိုပါတယ်။ |
| **measles (rubeola)** | ဝက်သက် | An infectious disease caused by a virus. It spreads easily from person to person. It causes a blotchy red rash. The rash often starts on the head and moves down the body. Sometimes measles can lead to serious problems. There is no treatment for measles, but the measles-mumps-rubella (MMR) vaccine can prevent it. "German measles", also known as rubella, is a completely different illness. | Measles starts with fever, runny nose, cough, red eyes, and sore throat. It's followed by a rash that spreads over the body. | ဝက်သက်ရောဂါ သည်ကိုယ်ပူခြင်း ၊နှာစေး ၊ချောင်းဆိုး ၊မျက်စိနီပြီး လည်ချောင်းနာခြင်း နဲ့စပါတယ်။ ပြီးရင် အနီဖုတွေ နောက်ဆက်တွဲ လိုက်လာပြီး တစ်ကိုယ်လုံး ပျံ့သွားပါလိမ့်မယ်။ |
| **member ID** | အသင်းဝင်ကိုယ်ပိုင်အထောက်အထား | Identification number of one that belongs to a group or organization | I need the name of the policy holder and member ID number to look up the policy. | ရှင့်ပေါ်လစီကို ယူကြည့်ဖို့ ပေါ်လစီပိုင်ရှင် နံမည်နဲ့ အဖွဲ့ဝင် ကိုယ်ပိုင်နံပါတ် ကျွန်မလိုတယ်။ |

| | | | | |
|---|---|---|---|---|
| **meter reading** | မီတာဖတ်ခြင်း | The act of measuring with meters or similar instruments | A technician will go out to your home to take a meter reading which will determine how much electricity you consumed last month. | ပြီးခဲ့တဲ့လက ရှင်လျှပ်စစ်မီး ၊ဘယ်လောက် သုံးခဲ့လဲ ဆိုတာ သတ်မှတ်ဖို့ အတတ်ပညာရှင် တစ်ယောက်က ရှင့်အိမ်သွားပြီး မီတာဖတ် လိမ့်မယ်။ |
| **misdemeanor** | ပြစ်မှုအသေး | A criminal offense that is less serious than a felony and generally punishable by a fine, a jail term of up to a year, or both. | You have a long history of committing misdemeanor crimes which may affect your sentencing. | ရှင့်မှာပြစ်မှု အသေးစားတွေ ကိုကျူးလွန်တဲ့ ရာဇဝင် အရှည်ကြီး ရှိတယ်။ ဒါကရှင့်ရဲ့ စီရင်ချက်ကို ထိခိုက်စေနိုင်တယ်။ |
| **money order** | ငွေလွှဲစာ | A money order is a certificate, that allows the named individual to receive cash on-demand. A money order functions much like a check, in that the person who purchased the money order may stop payment. | If you do not have a checking account, please send a money order to make your payment on time. | အကယ်၍ ရှင့်မှာ ချက်လက်မှတ် စာရင်းမရှိရင် ငွေပေးချေမှုကို အချိန်မှန် ပေးနိုင်အောင် ကျေးဇူးပြုပြီး ငွေလွှဲစာ ပို့လိုက်ပါ။ |

| | | | | |
|---|---|---|---|---|
| **MRI (Magnetic Resonance Imaging)** | သံလိုက်နှင့်ရေဒီယိုလှိုင်းသုံးပြီးပုံရိပ်ယူခြင်း | MRI uses a large magnet and radio waves to look at organs and structures inside your body. | We have scheduled an MRI as it is an extremely accurate method of disease detection throughout the body because the other tests failed to provide sufficient information. | ကျွန်မတို့ သံလိုက်နှင့် ရေဒီယိုလှိုင်း ကိုသုံးပြီး ပုံရိပ်ယူတဲ့ ရက်ချိန်း လုပ်ထားတယ်။ အဲဒါက ခန္ဓာကိုယ် တစ်လျှောက်လုံးမှာ ရောဂါရှာဖွေဖို့ အလွန်တိကျ မှန်ကန်တဲ့ နည်းဖြစ်တယ်။ ဘာဖြစ်လို့လဲ ဆိုတော့ တခြား စစ်ဆေးမှု တွေမှာ လုံလောက်တဲ့ အချက်အလက် တွေကို မပေးနိုင်လို့။ |
| **mumps** | ပါးချိတ်ရောင်ခြင်း | Mumps is an illness caused by the mumps virus. The salivary glands under the ears or jaw become swollen and tender. The swelling can be on one or both sides of the face. There is no treatment for mumps, but the measles-mumps-rubella (MMR) vaccine can prevent it. | As there have been recent outbreaks of mumps, it is important to have all school age children vaccinated. | အခုတလော ပါးချိတ်ရောင် တာတွေ ရုတ်တရက် ဖြစ်နေလို့ ၊ကျောင်းတက်တဲ့ ကလေးတွေ အားလုံး ကာကွယ်ဆေး ထိုးဖို့ အရေးကြီးတယ်။ |
| **nape (of the neck)** | လည်ပင်းအနောက် | Back of the neck. | Is the pain you are experiencing in the nape of the neck the same as in your shoulders? Can you describe the pain and rate the pain on a scale of 1 to 10? | လည်ပင်း အနောက်မှာ ရှင်တွေ့ကြုံ ခံစားရတဲ့ နာကျင်မှုဟာ ရှင့်ပုခုံးက နာတာနဲ့ တူလား။ နာပုံနာနည်း နဲ့ နံပါတ်(၁) ကနေ(၁၀)အတွင်း နာတဲ့နှုန်းကို ပြောပြပါ။ |

| | | | | |
|---|---|---|---|---|
| **net monthly income** | လစဉ်အသားတင်ဝင်ငွေ | Monthly income after all deductions are made. | What is your net monthly income or take-home pay? | ရှင့်ရဲ့လစဉ် အသားတင် ဝင်ငွေ(သို့) အိမ်ကိုယူလာ တဲ့လစာက ဘယ်လောက်လဲ။ |
| **neurologist** | အာရုံကြောအထူးကု | A specialist in the anatomy, functions, and disorders of nerves and the nervous system: | As your headaches are becoming more severe and frequent, I am going to refer you to a neurologist. | ရှင့်ခေါင်းကိုက်တာ ပိုဆိုးလာပြီး ခဏခဏ ပိုဖြစ်လာလို့ ကျွန်မရှင့်ကို အာရုံကြော အထူးကု ဆီကို လွှဲပေးမယ်။ |
| **niece** | တူမ | A daughter of one's brother, brother-in-law, sisiter or sister-in-law. | My niece and nephew need to be added as beneficiaries to my life insurance policy as I am their legal guardian. | ကျွန်မက တူနဲ့တူမရဲ့ တရားဝင် အုပ်ထိန်းသူ ဖြစ်လို့ ကျွန်မ အသက်အာမခံ မှာသူတို့ကို အကျိုးခံစားခွင့် ရှိတဲ့သူတွေ အနေနဲ့ပေါင်းထည့် ဖို့လိုတယ်။ |

| | | | | |
|---|---|---|---|---|
| **no fault laws** | ဘယ်သူ့အမှားဖြစ်ဖြစ် ကိုယ့်အာမခံ ကနေလျှော်ကြေး ပြန်တောင်းလို့ ရတဲ့ဥပဒေ | Laws enacted by states forcing insured parties to file injury claims through their own insurance companies, regardless of fault. | In states with no-fault laws P.I.P (Personal Injury Protection) is usually required. | ဘယ်သူ့အမှား ဖြစ်ဖြစ် ကိုယ့်အာမခံ ကနေလျှော်ကြေး ပြန်တောင်းလို့ ရတဲ့ဥပဒေ ထုတ်ထားတဲ့ ပြည်နယ်မှာ ပုဂ္ဂိုလ်ရေးရာထိခိုက် ကာကွယ်မှု သည်များသော အားဖြင့်လိုအပ်သည်။ |
| **non-payment** | ငွေပေးချေမှုမရှိခြင်း | Not paying for services rendered. | Your services will be disconnected for non-payment if we do not receive the current amount due in 48 hours. | လက်ရှိပေး ရမဲ့ငွေပမာဏ ကို(၄၈)နာရီ အတွင်းမှာ ကျွန်မတို့ လက်ခံမရ ရှိခဲ့ရင် ရှင့်ငွေပေး ချေခြင်းမရှိ လို့ရှင့်ဝန်ဆောင်မှုတွေကို ဖျက်ပစ်မယ်။ |
| **numbness** | ထုံခြင်း | A loss of sensation or feeling in a part of your body. It's often accompanied by or combined with other changes in sensation, such as a pins-and-needles feeling, burning or tingling. | Are you experiencing any numbness or tingling in your fingers and toes? | ရှင့်လက်ချောင်း နဲ့ခြေချောင်းတွေမှာ ထုံးခြင်း(သို့) ကျဉ်ခြင်းတွေ တွေ့ကြုံခံစား နေရလား။ |

| | | | | |
|---|---|---|---|---|
| **obstetrician** | သားဖွားဆရာဝန် | A physician who specializes in obstetrics, specialist in pregnancy and related conditions (often also experienced in gynecology). | As your pregnancy test came back positive, you need to make monthly appointments with your obstetrician and make sure to take your prenatal vitamins. | ရှင့်ရဲ့ ကိုယ်ဝန်ရှိမရှိ စမ်းသပ်မှုမှာ ရှိတယ်ဆိုတာ ပြန်လာလို့ ရှင့်သားဖွား ဆရာဝန်နဲ့ လစဉ်ပြဖို့ ရက်ချိန်းလုပ် ဖို့လိုတယ်။ ပြီးတော့ ရှင့်ကိုယ်ဝန်ဆောင် အားဆေးကိုလည်း သောက်ဖြစ်အောင်သောက်ပါ။ |
| **on demand** | ကိုယ်လိုချင်တဲ့အချိန်မှာ ကြည့်လို့ရ | Systems which allow users to select and watch/listen video or audio content when they choose to, rather than having to watch at a specific broadcast time. | Am I able to watch my favorite programs at any time if I pay for the additional 'on demand' service? | တကယ်လို့ ကျွန်မက ကိုယ်ကြိုက်တဲ့ အချိန်မှာ ကြည့်လို့ရတဲ့ ဝန်ဆောင်မှု အတွက် အပိုထပ်ပေး ထားရင် ကျွန်မ အကြိုက်ဆုံး အစီအစဉ် တွေကို ဘယ်အချိန် မဆို ကြည့်နိုင်လား။ |
| **OTC (over-the-counter)** | ဆရာဝန်ဆေးစာ မလိုဘဲဝယ်လို့ ရတဲ့ဆေး | OTC medicines are drugs you can buy without a prescription. | Two of the medications I want you to take are over-the-counter medications and you don't need a prescription for those. | ကျွန်မသောက်ချင် တဲ့ဆေးထဲက (၂)မျိုးဟာ ဆေးစာမလိုဘဲ ဆေးဆိုင်က ဝယ်လို့ရတဲ့ ဆေးဖြစ်တယ်။ အဲဒီဆေး အတွက် ဆေးညွှန်းစာ မလိုဘူး။ |

| | | | | |
|---|---|---|---|---|
| **overdraft fee** | ကိုယ့်ဘဏ်စာရင်းမှာ ရှိတာထက်ပိုသုံး လို့ကောက်တဲ့ အခကြေးငွေ | A fee charged when a withdrawal from an individual's bank account exceeds the available balance. | The bank has charge you an overdraft fee of $30 as there were not enough funds in your account to cover the check posted yesterday. | မနေ့က ရှင်ရေးလိုက်တဲ့ ချက်လက်မှတ် ကိုပေးဖို့ ရှင့်စာရင်းထဲမှာ ပိုက်ဆံ အလုံအလောက် မရှိလို့ ဘဏ်ကနေ ကိုယ့်စာရင်းမှာ ရှိတာထက် ပိုသုံးလိုက်တဲ့ အခကြေးငွေ ဒေါ်လာ(၃၀) တောင်းထားတယ်။ |
| **P.O. Box** | စာတိုက်ပုံးနံပါတ် | A numbered box in a post office assigned to a person or organization, where mail for them is kept until collected. | Please send my bills to my new P.O. Box address as I have trouble getting mail at the home address. | ကျွန်မအိမ် လိပ်စာမှာ စာရတာ အခက်အခဲ ရှိလို့ ကျေးဇူးပြုပြီး ကျွန်မရဲ့ ငွေတောင်းစာကို စာတိုက်ပုံး နံပါတ် လိပ်စာ အသစ်ကို ပို့ပေးပါ။ |
| **paperwork** | စာရွက်စာတမ်း | Written documents such as forms, records, or letters. | Please fill out all of the paperwork we sent; have all forms filled out, signed and dated before you return them to our office. | ကျေးဇူးပြုပြီး ကျွန်မတို့ ပို့လိုက်တဲ့ စာရွက်စာတမ်း အားလုံးကို ဖြည့်ပါ။ ကျွန်မတို့ ရုံးကိုပြန် မပို့ခင် ဖောင်စာရွက် အားလုံး ဖြည့် ၊လက်မှတ်ထိုးပြီး နေ့စွဲရေးပါ။ |

| | | | | |
|---|---|---|---|---|
| **participates** | ပါဝင် | To be active or involved in something; take part. | How can I participate in that new plan?  Do I need to make any changes or will you do that for me? | ဟိုအစီအစဉ် အသစ်မှာ ကျွန်မ ဘယ်လို ပါဝင်ရမလဲ။ အပြောင်းအလဲ တွေလုပ်ဖို့ လိုလား။ (သို့)ကျွန်မအတွက် ရှင်လုပ်ပေးမလား။ |
| **pass out** | သတိလစ်ခြင်း | Temporary loss of consciousness, to faint. | My father passed out and is not breathing! Please send the ambulance right away! | ကျွန်မအဖေ သတိလစ်ပြီး အသက်မရှူ တော့ဘူး။ ကျေးဇူးပြုပြီး အရေးပေါ်ကား ကိုအခုချက်ချင်း လွှတ်လိုက်ပါ။ |
| **password** | စကားဝှက် | A secret word or phrase that must be used to gain admission to something. | Your password should contain a minimum of 8 characters, letters, numbers and one symbol. Please make sure to write it down in a secure place. | ရှင့်စကားဝှက်က အနည်းဆုံး (၈)လုံး ၊အက္ခရာတွေ၊ နံပါတ်တွေနဲ့ အမှတ်အသားတခု ပါရမယ်။ ကျေးဇူးပြုပြီး လုံခြုံစိတ်ချ ရတဲ့နေရာမှာ ရေးဖြစ်အောင် ရေးထားပါ။ |

| | | | | |
|---|---|---|---|---|
| **pay per view** | ကြည့်မှုပိုက်ဆံပေးရခြင်း | A type of pay television service by which a subscriber of a television service provider can purchase events to view via private telecast. The broadcaster shows the event at the same time to everyone ordering it. | The pay per view movie will cost $4.99 and you will see that charge on your next bill. | ကိုယ်ကြည့်မှ ပိုက်ဆံပေး ရတဲ့ ရုပ်ရှင်က (၄.၉၉)ဒေါ်လာ ပေးရတယ်။ နောက်တစ်ခါ ငွေတောင်းတဲ့ စာမှာ အဲဒီအတွက် တောင်းထားတာ ရှင်တွေ့လိမ့်မယ်။ |
| **paychecks** | ချက်လက်မှတ်နဲ့ပေးတဲ့လစာ | A check issued to an employee in payment of salary or wages. | How often does your employer send out your paychecks, weekly, bi-weekly or monthly? | ရှင့်အလုပ်ရှင်က ရှင့်ကိုချက်လက်မှတ် နဲ့ပေးတဲ့ လစာဘယ်လောက် ကြာတစ်ခါ ပို့လဲ ၊တစ်ပတ်တစ်ခါလား ၊နှစ်ပတ်တစ်ခါလား ၊လစဉ်လား။ |
| **payroll** | ဝန်ထမ်းအားလုံးအတွက်ပေးတဲ့စုစုပေါင်း ငွေကြေး ပမာဏ | The total sum of money to be paid out to employees at a given time | As soon as you become an employee you will be added to our official payroll and your benefits will start after 6 months. | ရှင်ဝန်ထမ်း တစ်ယောက် ဖြစ်ပြီဆိုတာနဲ့ ရှင့်ကို တရားဝင် ဝန်ထမ်း လစာ စာရင်းထဲမှာ ပေါင်းထည့်မယ်။ (၆)လပြည့်ပြီးရင် ရှင်ခံစားခွင့် တွေစရ လိမ့်မယ်။ |

| | | | | |
|---|---|---|---|---|
| **paystubs** | လစာဖြတ်ပိုင်း | A piece of paper that is given to an employee with each paycheck and that shows the amount of money that the employee earned and the amount that was removed for taxes, insurance costs, etc. | I need the last 6 paystubs, a copy of your social security card, and a letter from your employer as to when you were hired to work full time. | လွန်ခဲ့တဲ့ (၆)လကရတဲ့ လစာဖြတ်ပိုင်းတွေရယ် ၊ရှင့်ရဲ့ ဆိုရှယ်စီကျူရတီ ကဒ်ပြား မိတ္တူ တစ်ခုရယ်၊ အချိန်ပြည့် အလုပ်လုပ်ဖို့ ရှင့်ကို ဘယ်တုန်းက ငှါးခဲ့လဲဆိုတဲ့ အကြောင်း အလုပ်ရှင်က ရေးပေးတဲ့ စာတစ်စောင်ရယ် ကျွန်မတို့လိုတယ်။ |
| **pharmacy** | ဆေးဆိုင် | A store where medicinal drugs are dispensed and sold. | At the pharmacy they told me that they cannot give me the medication because it is not covered by the insurance, but as I understand it, it is covered. Could you please confirm that for me? | ဆေးဆိုင်မှာ သူတို့က ကျွန်မကို ဆေးမပေး နိုင်ဘူးလို့ ပြောတယ်။ ဘာဖြစ်လို့ လဲဆိုတော့ အာမခံက အဲဒီဆေးအတွက် ကုန်ကျစရိတ် မပေးဘူးတဲ့။ ဒါပေမဲ့ ကျွန်မနားလည် တာတော့ အဲဒီဆေးက အာမခံကပေးတယ်။ ကျေးဇူးပြုပြီး အဲဒါ ဟုတ်မဟုတ် စစ်ကြည့်ပေးပါ။ |
| **PIP (Personal Injury Protection)** | ပုဂ္ဂိုလ်ရေးရာ ထိခိုက်ဒဏ်ရာ ကာကွယ်မှု | An insurance coverage that provides personal injuries benefits in states with no-fault laws. Coverage usually applies to the insured, all members of the insured's household, any passengers and any pedestrian struck by an insured's vehicle. | The medical claims for you and the others injured in the accident will be covered by the PIP portion of your policy. | ဒီယာဉ်တိုက်မှုမှာ ဒဏ်ရာရခဲ့တဲ့ ရှင်နဲ့ တခြားလူတွေ အတွက် ကျန်းမာရေး အလျှော်တောင်း ဆိုချက်တွေကို ရှင့်ပေါ်လစီ မှာရှိတဲ့ ပုဂ္ဂိုလ်ရေးရာ ထိခိုက်ဒဏ်ရာ ကာကွယ်မှုကနေ ကုန်ကျစရိတ်ပေးတယ်။ |

| | | | | |
|---|---|---|---|---|
| **point of impact** | တိုက်မိတဲ့နေရာ | Part of an object where an impact has taken place. | I need to know the exact point of impact of the two vehicles involved in the accident. | ယာဉ်တိုက်မှုမှာ ပါဝင်တဲ့ကား (၂)စီးလုံးရဲ့ တိုက်မိတဲ့ နေရာ အတိအကျ ကျွန်မ သိဖို့လိုတယ်။ |
| **policy** | ပေါ်လစီ / မူဝါဒ | A document detailing the terms and conditions of a contract of insurance. | I am calling about my life insurance policy. It is a term policy and I believe I can surrender it in July. Is that right? I am going to need some money and that would be great if I can cash it. | ကျွန်မအသက် အာမခံ ပေါ်လစီနဲ့ ပတ်သက်ပြီး ခေါ်နေတာပါ။ အဲဒါက သက်တမ်းရှိတဲ့ ပေါ်လစီဖြစ်ပြီး ဇူလိုင်လမှာ အဲဒီ ပေါ်လစီကို စွန့်လွှတ်လို့ ရပြီလို့ ကျွန်မယုံကြည်တယ်။ ဟုတ်တယ် မဟုတ်လား။ ကျွန်မ ပိုက်ဆံ တချို့လိုလိမ့်မယ်။ ဒါကြောင့် အဲဒါကို ငွေပြန်ထုတ်လို့ ရရင် သိပ်ကောင်းမယ်။ |
| **PPO (Preferred Provider Organization)** | အာမခံ ကုမ္ပဏီနဲ့ စာချုပ် ချုပ်ထားတဲ့ ဆရာဝန် တွေပါတဲ့ အဖွဲ့အစည်း | A type of health plan that contracts with medical providers, such as hospitals and doctors, to create a network of participating providers. You pay less if you use providers that belong to the plan’s network. You can use doctors, hospitals, and providers outside of the network for an additional cost. | As you are a member of a PPO, you do not need a referral to see a specialist, but do make sure they are an in-network provider. | ရှင်က အာမခံ ကုမ္ပဏီနဲ့ စာချုပ် ချုပ်ထားတဲ့ ဆရာဝန် တွေပါတဲ့ အဖွဲ့အစည်း ကအဖွဲ့ဝင် တစ်ယောက် ဖြစ်လို့ ၊အထူးကု ဆရာဝန် ပြဖို့လွှဲစာ ရှင်မလိုဘူး။ ဒါပေမဲ့ သူတို့က စနစ်ထဲမှာ ပါတဲ့ ဆရာဝန် ဟုတ်တာ သေချာပါစေ။ |

| | | | | |
|---|---|---|---|---|
| **premium** | အာမခံကြေး | The cost of an insurance policy; the consideration paid by the insured to the insurer for protection. | The premium or cost of the car insurance will be approximately $150 per month. | ကားအာမခံ အတွက် အာမခံကြေး (သို့) ကုန်ကျစရိတ် ကခန့်မှန်းခြေ တစ်လကို ဒေါ်လာ(၁၅၀) ဖြစ်လိမ့်မယ်။ |
| **primary care physician (PCP)** | ကျန်းမာရေး အဓိက ကုသပေးသူ | A primary care provider (PCP) is a health care practitioner who sees patients that have common medical problems. This person is most often a doctor. However, a PCP may be a physician assistant or a nurse practitioner. | As you are new to the plan, please select a PCP from our list of family doctors or pediatricians. This way your children will see the same doctor for all of your routine medical needs. | ရှင်က ဒီအစီအစဉ်မှာ လူသစ်ဖြစ်လို့ ကျွန်မတို့ရဲ့ မိသားစု ဆရာဝန်နဲ့ ကလေး ဆရာဝန် စာရင်းထဲက ကျန်းမာရေး အဓိက ကုသပေးသူ တစ်ယောက်ကို ကျေးဇူးပြုပြီး ရွေးပါ။ ဒီနည်းအားဖြင့် ရှင်တို့ အားလုံးရဲ့ ပုံမှန် ကျန်းမာရေး လိုအပ်ချက် အတွက် ရှင့်ကလေး တွေလဲ အဲဒီ ဆရာဝန်နဲ့ ပြလို့ ရလိမ့်မယ်။ |
| **quote** | ဈေးနှုန်း ကမ်းလှမ်းချက် | Information about the cost of an insurance policy given to the prospective insured by the insurance company. | I can give you a quote for a 6 or 12 month policy which will tell you how much you will pay each month or year. | (၆)လ သို့ (၁၂)လ ပေါ်လစီအတွက် ဈေးနှုန်း ကမ်းလှမ်းချက် တစ်ခု ကျွန်မ ရှင့်ကို ပေးနိုင်တယ်။ အဲဒါက လစဉ် (သို့) နှစ်စဉ် ရှင်ဘယ်လောက် ပေးရမလဲ ဆိုတာ ပြောလိမ့်မယ်။ |

| | | | | |
|---|---|---|---|---|
| **recorded** | အသံသွင်းထားခြင်း | The act or process of storing sounds or images on tape or a disk. | This call may be recorded for quality assurance purposes. | အခုပြောတာကို အရည်အသွေး မှီမမှီ စစ်ဖို့ ရည်ရွယ်ချက်နဲ့ အသံသွင်းရင် သွင်းထားလိမ့်မယ်။ |
| **recorded statement** | အသံသွင်းထားတဲ့ ထွက်ဆိုချက် | A formal oral or written declaration, especially with regard to facts or claims, which is recorded with audio equipment. | We will need to take a recorded statement from both drivers involved in the accident. | ယာဉ်တိုက်မှုမှာ ပါဝင်တဲ့ ယာဉ်မောင်း (၂)ယောက်လုံးစီက အသံသွင်း တားတဲ့ ထွက်ဆိုချက် ကျွန်မတို့ ယူဖို့လိုတယ်။ |
| **records** | မှတ်တမ်း | Items or collection of data. | According to our records, you do not qualify for any additional benefits. | ကျွန်မတို့ မှတ်တမ်းအရ အပိုခံစားခွင့် တွေဘာကိုမှ ရှင် အရည်အချင်း မမှီဘူး။ |

| | | | | |
|---|---|---|---|---|
| **records** | မှတ်တမ်း | Official document that gives/ contains information. A document or set of documents, that memorializes and provides objective evidence of activities performed, events occurred, results achieved, or statements made. | According to our records, you have not made a payment since last July and you need to bring the account current. | ကျွန်မတို့ မှတ်တမ်းအရ ၊ပြီးခဲ့တဲ့ ဇူလိုင်လက စပြီး ရှင်ငွေပေးချေ မှုမရှိခဲ့ဘူး။ ဒါကြောင့် အခုထိ ပေးစရာ ကျန်တဲ့ငွေတွေ ကိုပေးဖို့ လုပ်ရမယ်။ |
| **refer** | လွှဲပေးခြင်း | To send (someone or something) to a particular person or place for treatment, help, advice, etc. | To help you lose weight, I can refer you to a nutritionist who can help you plan your meals; I also suggest you join a gym and start working out at least 5 days a week. | ရှင်အလေးချိန် ကျအောင် ကူညီဖို့ ၊ရှင့်ကို အာဟာရ ကျွမ်းကျင်သူ တစ်ယောက်ဆီကို လွှဲပေးလို့ရတယ်။ သူက ရှင့် အစားအသောက် ကိုစီစဉ်ဖို့ ကူညီပေးနိုင်တယ်။ ရှင်လည်း အားကစားရုံ ကိုသွားပြီး အနည်းဆုံး တစ်ပတ်ကို (၅)ရက် လေကျင့်ခန်း စလုပ်ဖို့ ကျွန်မ ရှင့်ကိုလဲ အကြံပေး ချင်ပါတယ်။ |
| **refill** | ထပ်ဖြည့်ခြင်း | To fill prescription again. | How many times can I refill the medication you prescribed or do I need a new prescription every month? | ရှင်ဆေးစာနဲ့ ညွှန်းထားတဲ့ဆေး ကျွန်မ ဘယ်နှစ်ခါ ထပ်ထုတ်လို့ ရလဲ(သို့) လစဉ် ကျွန်မ ဆေးညွှန်းစာ အသစ်လိုလား။ |

| | | | | |
|---|---|---|---|---|
| **registered** | မှတ်ပုံတင်ခြင်း | Recorded, as in a register, list or book; enrolled. | Please enter the email address you used to register your account. | ရှင့်စာရင်းကို မှတ်ပုံတင်ဖို့ ကျေးဇူးပြုပြီး ရှင့်အီးမေးလ် လိပ်စာထည့်ပါ။ |
| **relationship** | တော်စပ်မှု | The way in which two or more people or things are connected | What is your relationship to the patient and the medical record number? | လူနာရယ် ၊ကျန်းမာရေး လက်မှတ် နံပါတ်နဲ့ ရှင် ဘယ်လိုတော် စပ်လဲ။ |
| **renewal** | သက်တမ်းတိုးခြင်း | The act of extending the period of time when something is effective or valid: the act of renewing something | You need to renew your driver's license before it expires. | ရှင့်ယာဉ်မောင်း လိုင်စင်သက်တမ်း မကုန်ခင် သက်တမ်းတိုး ဖို့လိုတယ်။ |

| | | | | |
|---|---|---|---|---|
| **rent** | အိမ်ငှါးခြင်း | To obtain occupancy or use of (another's property) in return for regular payments. | Do you rent or own your home? If you rent, I need the name and other contact information of the owner of the property. | ရှင့်အိမ်က ငှါးနေတာလား။ အိမ်ပိုင်လား။ တကယ်လို့ ငှါးနေတာ ဆိုရင် အိမ်ပိုင်ရှင်ရဲ့ တခြား ဆက်သွယ်လို့ ရမဲ့ အချက်အလက် တွေကျွန်မ လိုတယ်။ |
| **repairs** | ပြန်ပြင်ခြင်း | Restorations to sound condition after damages have occurred. | When will the repairs to my car be completed? I need my car to go to work as the bus service is very slow where I live. | ကျွန်မရဲ့ ကားကိုပြင်တာ ဘယ်တော့ ပြီးမှာလဲ ၊ကျွန်မ နေတဲ့ နေရာမှာ ဘတ်စ်ကား ဝန်ဆောင်မှုက အရမ်းနှေးလို့ အလုပ်သွားဖို့ ကျွန်မကား လိုတယ်။ |
| **requirements** | လိုအပ်ချက်များ | A prerequisite, something that is required or needed. | I would like to refinance my home; what are the requirements and how soon can I start the process? | ကျွန်မအိမ်ကို ပိုနည်းတဲ့ အတိုးနှုန်းနဲ့ ငွေပြန်ချေး ချင်တယ်။ လိုအပ်ချက်က ဘာတွေလဲ ၊ပြီးတော့ ဒီလုပ်ဆောင်မှုကို ဘယ်တော့လောက် အစောဆုံး ကျွန်မ စနိုင်မလဲ။ |

| | | | | |
|---|---|---|---|---|
| **reservation** | ကြိုတင်စီစဉ်ထားခြင်း | An arrangement by which accommodations are secured in advance, as in a hotel or restaurant or on an airplane | Your reservation is confirmed for 6 nights at the Disney Resort Hotel beginning on July 1st. | Disney အပန်းဖြေ ဟိုတယ်မှာ (၆)ည ၊ဇူလိုင်လ (၁)ရက်နေ့က စတဲ့ ရှင့်ရဲ့ကြိုတင် စီစဉ်ထားမှုကို အတည်ပြု လိုက်ပြီ။ |
| **residing** | နေထိုင်ခြင်း | Have one's permanent home in a particular place, be situated | Where are you currently residing? Do any other family members live with you? | ရှင်အခု လက်ရှိ ဘယ်မှာနေ ၊နေတာလဲ။ တခြား မိသားစုဝင် တွေကော ရှင်နဲ့ အတူနေလား။ |
| **reverse** | နောက်ပြန်ဆုတ် | To move backwards. | when I put the car into reverse, I backed up into another car. It was not intentional as I did not see the other car. | ကျွန်မကားကို နောက်ပြန် ဆုတ်တဲ့ဂီယာ ထိုးထားတုန်း အခြားကားကို အနောက်နဲ့ တိုက်မိတယ်။ တခြား ကားကို ကျွန်မ ၊မတွေ့ခဲ့လို့ ဒါက တမင်တကာ လုပ်တာ မဟုတ်ဘူး။ |

| | | | | |
|---|---|---|---|---|
| **right of way** | လမ်းမှန် | A way of determining which vehicle, among two or more, will be allowed to continue on its path before the others. | I had the right of way. The other driver did not stop at the stop sign. | ကျွန်မက လမ်းမှန်တယ်။ တခြားယာဥ်မောင်း သူကရပ်ဆိုတဲ့ဆိုင်းဘုတ်မှာ မရပ်ခဲ့ဘူး။ |
| **roadside assistance** | လမ်းမှာကား ပျက်ရင်ပေးတဲ့ အကူအညီ | An optional automobile insurance coverage that may be purchased for an additional premium; this coverage provides for gasoline, and some minor repairs. | An optional coverage like Roadside Assistance can be added to your policy. This will help if your car breaks down or you have a flat tire, etc. | လိုချင်ရင် ဝယ်လို့ရတဲ့ အကာအကွယ် တစ်ခု(လမ်းမှာ ကားပျက်ရင် ပေးတဲ့ အကူအညီ လိုမျိုး) ကိုရှင့် ပေါ်လစီမှာ ပေါင်းထည့်လို့ ရတယ်။ တကယ်လို့ ရှင့်ကား ပျက်သွားရင် (သို့) တာယာပြား သွားရင် အဲဒါက ကူညီပေး လိမ့်မယ်။ |
| **robbery** | ဓားပြတိုက်ခြင်း | The crime of taking or attempting to take something of value by force or threat of force or by putting the victim in fear. | In many states, robbery is considered a felony. | ပြည်နယ် အများကြီးမှာ ဓါးပြတိုက် ခြင်းကို ရာဇဝတ် ပြစ်မှု အကြီးလို့ ထည့်သွင်း စဉ်းစားကြတယ်။ |

| | | | | |
|---|---|---|---|---|
| **round-trip** | အသွားအပြန်ခရီး | A trip from one place to another and back. | I would like to purchase a round trip ticket from Los Angeles to Las Vegas near the end of December. | ဒီဇင်ဘာလ ကုန်ခါနီးမှာ Los Angeles ကနေ Las Vagas အထိ အသွားအပြန် ခရီး လက်မှတ် တစ်စောင် ကျွန်မ ဝယ်ချင်တယ်။ |
| **routing number** | ချက်လက်မှတ် အောက်မှာရှိတဲ့ ကိန်းဂဏန်း (၉)ခု | A nine digit bank code which appears on the bottom of checks identifying the financial institution on which it was drawn. | The routing number is the bank identification number and appears on the bottom left hand side of your check. | ချက်လက်မှတ် အောက်မှာရှိတဲ့ ကိန်းဂဏန်း (၉)ခုဟာ ဘဏ်ရဲ့ ကိုယ်ပိုင် နံပါတ်ဖြစ်တယ်။ အဲဒါက ရှင့် ချက်လက်မှတ် ရဲ့အောက်ဖက် ၊ဘယ်ဘက်မှာ ရှိတယ်။ |
| **salvage value** | ကားအပျက်ရဲ့တန်ဖိုး | The value assigned by an insurer to property deemed beyond repair, or whose value is less than the actual cost of repair. | We can calculate the cost of labor and parts to fix or replace each affected item and estimate the salvage value of the total loss vehicle. | ကျွန်မတို့ အလုပ်သမားရဲ့ ကုန်ကျစရိတ် ရယ် ပြင်ရမဲ့ အစိတ်အပိုင်းရယ် (သို့)ထိခိုက်တဲ့ ပစ္စည်းတစ်ခုစီ ကိုအစားထိုး တာရယ်ကို တွက်ပြီး လုံးဝ ဆုံးရှုံးသွားတဲ့ ကားအပျက် တန်ဖိုးကို ခန့်မှန်း ပေးနိုင်တယ်။ |

| | | | | |
|---|---|---|---|---|
| **schedule** | အချိန်ဇယား | To arrange or plan (an event) to take place at a particular time. | Your work schedule is 5 days a week, Monday through Friday from 8:00 AM to 5:00 PM. | ရှင့်အလုပ်ချိန် ဇယားက တစ်ပတ်ကို (၅)ရက် ၊တနင်္လာကနေ သောကြာ ၊မနက်(၈) နာရီမှ ည(၅)နာရီ။ |
| **security deposit** | လုံခြုံရေးအတွက်စဘော် | A sum of money held in trust either as an initial part-payment in a purchasing process. | As you are a new customer, we require a security deposit of $250 to set up your gas and electric service. | ရှင်က ဖောက်သည် အသစ်ဖြစ်လို့ ရှင့်ရဲ့ဓာတ်ငွေ့နဲ့ လျှပ်စစ်ဓာတ် ဝန်ဆောင်မှု စယူဖို့ လုံခြုံရေး စဘော်ငွေ (၂၅၀)ဒေါ်လာ ကျွန်မတို့ လိုတယ်။ |
| **service fee** | ဝန်ဆောင်မှုအခကြေးငွေ | An amount of money charged to provide a service. | Every time you use an ATM that is not from our bank, you will need to pay a small service fee. | ကျွန်မတို့ ဘဏ်က မဟုတ်တဲ့ ATM ကို ရှင်သုံးတဲ့ အခါတိုင်း ၊ဝန်ဆောင်မှု အခကြေးငွေ အနည်းငယ် ပေးရလိမ့်မယ်။ |

| | | | | |
|---|---|---|---|---|
| **sewage** | မိလ္လာရည် | Waste matter from domestic or industrial establishments that is carried away in sewers or drains for dumping or conversion into a form that is not toxic. | The sewage is coming up through the kitchen sink so please send a plumber right away. | မီးဖိုချောင်က ရေဆေးဇလုံ ထဲကို မိလ္လာရည် တွေတက်လာလို့ ရေပိုက်ပြင်တဲ့ လူကို ကျေးဇူးပြုပြီး အခုချက်ချင်း လွှတ်လိုက်ပါ။ |
| **sharp pain** | စူးပြီးနာခြင်း | A sudden and severe pain. | I have a sharp pain in the middle of my stomach; it feels like someone is stabbing me with a knife. | ကျွန်မအစာအိမ် အလယ်မှာ စူးပြီးနာတယ်။ တစ်ယောက်ယောက်က ကျွန်မကို ဓားနဲ့ထိုးသလို ခံစားရတယ်။ |
| **side effects** | ဆိုးကျိုး | Unwanted effects caused by some medications. Most are mild, such as a stomach aches or drowsiness, and go away after you stop taking the medication. Others can be more serious. | You may have some side effects due to the medication I prescribed, such as dizziness and nausea.  If they persist I will have to change the prescription. | ကျွန်မဆေးစာနဲ့ ညွှန်းလိုက် တဲ့ဆေးကြောင့် ဆိုးကျိုး (ခေါင်းမူး ၊အန်ချင်တာမျိုး) တချို့ ရှင်ရတတ်တယ်။ တကယ်လို့ အဲဒါဆက်ဖြစ် နေရင် ကျွန်မ ဆေးညွှန်းစာ ပြောင်းရလိမ့်မယ်။ |

| | | | | |
|---|---|---|---|---|
| **social security** | လူမှုလုံခြုံရေး (ဆိုရှယ်ဆက်ကျူရတီ နံပါတ်) | A federal insurance program that provides benefits for old age, survivors and disability. | Will my full social security benefits begin at the age of 65 or 67? | ကျွန်မရဲ့ ဆိုရှယ်ဆက်ကျူရစ်တီ အပြည့်အဝ ခံစားခွင့်က အသက်(၆၅) သို့ (၆၇)မှာ စမှာလား။ |
| **social security number** | လူမှုလုံခြုံရေးနံပါတ် (ဆိုရှယ်ဆက်ကျူရတီ နံပါတ်) | A number assigned by the government for taxation, employment, social security benefits, and identification purposes. | Please verify the last four digits of your social security number. | ရှင့်ရဲ့ ဆိုရှယ်ဆက်ကျူရတီ နံပါတ် နောက်ဆုံး(၄)လုံး ကိုကျေးဇူးပြုပြီး ဟုတ်မဟုတ် သိရအောင် ပြောပြပါ။ |
| **social worker** | လူမှုရေးဆောင်ရွက်သူ | A professional whose job is to facilitate the welfare of communities, individuals and societies. | The social worker assigned to your case will call you to determine what services are available to you and your family members. | ရှင့်ကိစ္စ အတွက် တာဝန်ပေး ထားတဲ့ လူမှုရေး ဆောင်ရွက်သူ ကရှင့်နဲ့ရှင့် မိသားစု အဖွဲ့ဝင် အတွက် ဘာဝန်ဆောင်မှု တွေရနိုင် မလဲဆိုတာ အဆုံးအဖြတ်ပေးဖို့ ရှင့်ကို ခေါ်လိမ့်မယ်။ |

| | | | | |
|---|---|---|---|---|
| **STD (Sexually Transmitted Disease)** | လိင်ဆက်ဆံမှုကြောင့် ကူးစက်တဲ့ရောဂါ | Any disease transmitted by sexual contact; caused by microorganism that survive on the skin or mucus membranes of the genital area, or transmitted via semen, vaginal secretions, or blood during intercourse. | Have you ever had a STD, such as gonorrhea, chlamydia, genital warts or herpes? | လိင်ဆက်ဆံမှုကြောင့် ကူးစက်တဲ့ ရောဂါရှင်ရဘူးလား။ ဂနို ၊ကလာမီးဒီးယား၊ လိင်အင်္ဂါမှာ ကြွက်နို့ ဖြစ်ခြင်းနှင့် ရေယုန်ကဲ့သို့ ရောဂါများ။ |
| **stroke (CVA)** | လေဖြတ်ခြင်း | A stroke occurs when blood flow is interrupted to part of the brain. Without blood to supply oxygen and nutrients and to remove waste products, brain cells quickly begin to die. Depending on the region of the brain affected, a stroke may cause paralysis, speech impairment, loss of memory and reasoning ability, coma, or death. A stroke also is sometimes called a brain attack or a cerebrovascular accident (CVA). | My father suffered a stroke last year and still has difficulty walking and speaking, but with continued therapy he should improve slowly. | မနှစ်က ကျွန်မအဖေ လေဖြတ်တာ ခံစားခဲ့ရတယ်။ အခုထိ လမ်းလျှောက်တာ စကားပြောတာ အခက်အခဲ ရှိသေးတယ်။ ဒါပေမဲ့ ကုသမှု ဆက်ယူခြင်းဖြင့် သူတဖြည်းဖြည်း တိုးတက်လာလိမ့်မယ်။ |
| **subscriber** | ဝန်ဆောင်မှုယူတဲ့လူ | A person who receives a service or coverage regularly by paying in advance. | Some large companies will not sell, lease or rent it's email subscriber list to third parties. | တချို့ ကုမ္ပဏီ အကြီးတွေက သူတို့ဆီက အီးမေးလ် ယူထားတဲ့ လူတွေရဲ့ စာရင်းကို အပြင်လူကို မရောင်းဘူး။ (သို့)ငှားလည်း မငှားဘူး။ |

| | | | | |
|---|---|---|---|---|
| **TB (Tuberculosis)** | တီဘီရောဂါ | A disease caused by bacteria called Mycobacterium tuberculosis. The bacteria usually attack the lungs, but they can also damage other parts of the body. | As the TB skin test result is positive, we will need to order a chest x-ray. | တီဘီရှိမရှိ အရေပြားပေါ်မှာ လုပ်တဲ့စမ်းသပ်မှု အဖြေမှာ ရှိတယ် ၊တွေ့လို့ အဆုတ်ဓာတ်မှန် ရိုက်ဖို့ ကျွန်မတို့ ရေးပေးဖို့ လိုတယ်။ |
| **temporary repairs** | ယာယီပြင်ဆင်ခြင်း | Repairs made to a damaged property to prevent further damages, until permanent repairs are done. | We can make some temporary repairs on your roof to avoid water damage from the pending storm. | လာမည့်မုန်တိုင်း ကြောင့်ရေဝင်ပြီး ပျက်စီးမှုကို ရှောင်ဖို့ ကျွန်မတို့ ရှင့်ခေါင်မိုးမှာ ယာယီပြင်ဆင်ခြင်း တချို့ လုပ်နိုင်တယ်။ |
| **tenant** | အိမ်ငှါး | One that pays rent to use or occupy land, a building, or other property owned by another. | Are you a tenant or do you own the property? | ရှင်က အိမ်ငှားလား။ (သို့) ရှင် အိမ်ပိုင်လား။ |

| | | | | |
|---|---|---|---|---|
| **tetanus** | မေးခိုင် | A serious illness caused by Clostridium bacteria. The infection causes painful tightening of the muscles, usually all over the body. It can lead to "locking" of the jaw. This makes it impossible to open your mouth or swallow. A vaccine can prevent tetanus. | Doctor, how often should adults receive a tetanus shot, is it every 5 or 10 years? | ဆရာဝန် ၊လူကြီးတွေ မေးခိုင်ကာကွယ်ဆေး ကိုဘယ်လောက်ကြာ တစ်ခါထိုးသင့်လဲ (၅)နှစ် သို့ (၁၀)နှစ် တစ်ခါလား။ |
| **theft** | သူခိုး | The taking of another person's property without that person's permission or consent with the intent to deprive the rightful owner of it. | Shoplifting is a form of theft.  If you enter a store and leave the store without paying for the merchandise, that's shoplifting. | အလစ်သုတ်ခြင်းသည် သူခိုး ၊ခိုးတာနဲ့ တစ်ပုံစံ ထဲပါဘဲ ၊တကယ်လို့ ဆိုင်ထဲဝင် သွားပြီး ပစ္စည်းဖိုး မပေးဘဲ ဆိုင်ကပြန်ထွက် လာတာဟာ ၊အလစ်သုတ်တာဘဲ။ |
| **throbbing pain** | တစ်ဆစ်ဆစ်နာခြင်း | Throbbing pain consists of recurring achy pains. May also include pounding, beating, or pulsing pain. | I have a throbbing pain in my left side that doesn't go away when I lay down and is keeping me up at night. | ကျွန်မရဲ့ ဘယ်ဘက်မှာ တစ်ဆစ်ဆစ် နာနေတယ်။ ကျွန်မ လှဲနေရင်လဲ အဲဒါက ပျောက်မသွားဘူး ။နာလို့ ညမှာ နိုးနေတယ်။ |

| | | | | |
|---|---|---|---|---|
| **tingling** | ကျဉ်ခြင်း | To feel or cause to feel a prickling, itching, or stinging sensation of the flesh, as from a cold plunge or electric shock | Are you feeling any tingling in your arms and legs and if so, is it constant or intermittent? | ရှင့်ရဲ့ လက်နဲ့ခြေမှာ ကျဉ်တာ ခံစားနေရလား။ တကယ်လို့ အဲဒီလို ခံစားနေရရင် တောက်လျှောက်လား။ (သို့) ပြတ်တောင်း ပြတ်တောင်း ဖြစ်လား။ |
| **to enroll** | စာရင်းသွင်းရန် | To officially register as a member of an institution, company or organization that provides services. | Our system indicates that you are enrolled. It appears that you did it through the Internet. Do you remember doing that? | ကျွန်မတို့ စနစ်မှာ ရှင်စာရင်းသွင်း ထားတယ်လို့ ပြတယ်။ ရှင်အင်တာနက် ကတစ်ဆင့် လုပ်တာလို့ ဒီမှာပေါ်တယ်။ အဲဒါလုပ်တာ ရှင်မှတ်မိလား။ |
| **to fill (Med)** | ဆေးထုတ် | Pharmacies fill or provide the medications according to the doctor's prescription. | Please take the prescription to the pharmacy to fill the medications the doctor prescribed for your diabetes. | ဆရာဝန် ရှင့်ဆီးချို ရောဂါအတွက် ဆေးညွှန်းစာနဲ့ ပေးတဲ့ဆေး ထုတ်ဖို့ ကျေးဇူးပြုပြီး ဆေးစာကို ဆေးဆိုင်မှာ သွားယူပါ။ |

| | | | | |
|---|---|---|---|---|
| **to fill a prescription** | ဆေးညွှန်းစာနှင့်ပေးတဲ့ဆေးကိုထုတ်ခြင်း | Presenting a prescription provided by a healthcare professional to a pharmacy who in turn dispenses the medication listed in the prescription | Please take the prescription to the pharmacy to have it filled and follow the instruction on the label. | ကျေးဇူးပြုပြီး ဆေးစာကို ဆေးဆိုင်မှာ သွားယူပြီး ဆေးထုတ်ပါ။ ပြီးရင် တံဆိပ်မှာ ပါတဲ့ညွှန်ကြားချက် အတိုင်း လိုက်နာပါ။ |
| **to renew** | သက်တမ်းတိုးရန် | To make effective for an additional period. | You must renew your application for Medicaid every year if you want to continue receiving the same benefits. | တကယ်လို့ တူညီတဲ့ ခံစားခွင့် တွေဆက်ပြီး ရချင်ရင် နှစ်တိုင်း ရှင့် Medicaid လျှောက်လွှာကို သက်တမ်း တိုးရမယ်။ |
| **to waive** | ဖယ်ရှားရန် | To refrain from pressing or enforcing. | The late fee will be waived as a one-time courtesy. | တစ်ကြိမ်တစ်ခါ လူမှုရေး ယဉ်ကျေးမှု အရ ဒီနောက်ကျ ကြေးကို ဖယ်ပေးမယ်။ |

| | | | | |
|---|---|---|---|---|
| **total loss** | လုံးဝဆုံးရှုံးခြင်း | Property which cannot be repaired or whose cost of repair is higher than its actual value. | Your vehicle has been deemed a total loss as it would cost more to fix it than what it is worth. | ရှင့်ကားကို လုံးဝဆုံးရှုံး သွားတယ်လို့ ယူဆလိုက်တယ်။ ဘာလို့လဲ ဆိုတော့ ပြင်ရင်လက်ရှိ တန်ဖိုးထက် ပိုကုန်လိမ့်မယ်။ |
| **tow yard** | ဆွဲသွားတဲ့ကားထားတဲ့နေရာ | A storage facility used to park disabled vehicles on a temporary basis. | As you were parked in a no parking zone your car was taken to the tow yard. | ရှင့်ကားက ကားမရပ်ရ ဇုံမှာ ရပ်ထားလို့ ဆွဲသွားတဲ့ကား တွေထားတဲ့ နေရာကို ယူသွားပြီ။ |
| **transportation** | သယ်ယူပို့ဆောင်ရေး | The action of transporting someone or something or the process of being transported. | Do you need transportation to and from the doctor's office?  If so, that can be arranged. | ဆရာဝန် ဆေးခန်းကို သွားဖို့နဲ့ ပြန်လာဖို့ သယ်ယူ ပို့ဆောင်ရေး ရှင်လိုလား။ လိုရင် အဲဒါကို စီစဉ်ပေး လို့ရတယ်။ |

| | | | | |
|---|---|---|---|---|
| **triage nurse** | ကနဦးအခြေအနေသုံးသပ်တဲ့သူနာပြု | In a hospital the principle or practice of sorting emergency patients into categories of priority for treatment | After the earthquake, the Red Cross sent triage nurses to assess the victims and treat them according to the severity of their injuries and symptoms. | ငလျှင်လှုပ်ပြီး တဲ့နောက် ကြက်ခြေနီ ကနေ ကနဦး အခြေအနေ သုံးသပ်တဲ့ သူနာပြုတွေ လွှတ်ပြီး ဒဏ်ရာရတဲ့ သူတွေကို သုံးသပ်ပြီး သူတို့ရဲ့ ဒဏ်ရာ ပြင်းထန်မှုနဲ့ ဝေဒနာတွေ အရ သူတို့ကို ကုသတယ်။ |
| **troubleshooting** | ပြဿနာရှာဖွေဖြေရှင်းပေးခြင်း | A form of problem solving, often applied to repair failed products or processes. It is a systematic search for the source of a problem in order to solve it, and make the product operational again. | The computer technician will go through a process of troubleshooting, to resolve the issues you are having with your internet and phone service. | ရှင့်အင်တာနက်နဲ့ ဖုန်းမှာ ဖြစ်နေတဲ့ ပြဿနာတွေ ကိုဖြေရှင်းဖို့ ကွန်ပြူတာ ကျွမ်းကျင်တဲ့ သူက ပြဿနာတွေ ရှာဖွေပြီး ဖြေရှင်း ပေးလိမ့်မယ်။ |
| **twins** | အမွှာ | Two children born at the same birth. | They told me that I'm pregnant with twins, so I am going to need help, because I was prepared for just one baby. What do I need to do to receive assistance? | သူတို့က ကျွန်မ ကိုယ်ဝန်က အမွှာလို့ ပြောတယ်။ ဒါကြောင့် ကျွန်မ အကူအညီ လိုလိမ့်မယ်။ ဘာဖြစ်လို့ လဲဆိုတော့ ကျွန်မက ၊ကလေး တစ်ယောက် ထဲအတွက် ဘဲပြင်ဆင် ထားလို့ ၊အကူအညီ ရဖို့ ကျွန်မ ဘာလုပ် ဖို့လိုလဲ။ |

| | | | | |
|---|---|---|---|---|
| **underwriter (underwriting)** | ပေါ်လစီရေးတဲ့လူ | Underwriters identify and calculate the risk of loss from policyholders, establish appropriate premium rates, and write policies that cover this risk. Underwriting refers to the process of determining this risk. | Your life insurance policy application will be sent to our Underwriting Department for review and you will be notified if you qualify. | ရှင့်ရဲ့ အသက် အာမခံ ပေါ်လစီ လျှောက်လွှာကို ပြန်လည်သုံးသပ်ဖို့ ကျွန်မတို့ရဲ့ အာမခံ ကုမ္ပဏီကို ထိခိုက်နိုင် ၊မနိုင် ဆုံးဖြတ်တဲ့ ဌါနဆီကို ပို့လိုက်မယ်။ အကယ်၍ ရှင် အရည်အချင်း မှီရင်ရှင့်ကို အကြောင်းကြား လိမ့်မယ်။ |
| **unemployment benefits** | အလုပ်လက်မဲ့ခံစားခွင့် | A payment made by a government or a labor union to an unemployed person, while they look for work. | Since you were laid off you can apply for unemployment benefits for a maximum of 6 months. | အလုပ်ပါးတဲ့ အတွက် ရှင် အလုပ်နား ခံရလို့ အလုပ်လက်မဲ့ ခံစားခွင့်ကို အများဆုံး (၆)လစာ ရှင် လျှောက်နိုင်တယ်။ |
| **update** | လက်ရှိအနေအထား | To bring someone or something current with the latest information. | You need to update your contact information so we can ensure the correspondence is sent to the right place. | ကျွန်မတို့ စနစ်မှာ ရှင့်ကို လက်ရှိဆက်သွယ်လို့ရမဲ့ အချက်အလက်တွေကို ထဲ့ထားဖို့လိုတယ်။ ဒါမှစာပေး စာယူသမားတွေ နေရာမှန်ကို ပို့ဖို့သေချာ နိုင်ပါတယ်။ |

| | | | | |
|---|---|---|---|---|
| **upgrade services** | ဝန်ဆောင်မှုပိုကောင်းတဲ့အဆင့် | To bump up your services by one or more "levels". | If you upgrade your phone services, an additional charge will appear every month. | တကယ်လို့ ရှင့်ရဲ့ဖုန်း ဝန်ဆောင်မှုကို ပိုကောင်းတဲ့ အဆင့်တိုး လိုက်ရင် လစဉ် အပိုတောင်း တာတစ်ခု ပေါ်လာလိမ့်မယ်။ |
| **utility bill** | ရေဖိုး ၊မီးဖိုးတောင်းခံစာ | A bill containing the cost of a public service, as the providing of electricity, gas, water, a telephone system. | I typically receive different utility bills from the companies providing water, electricity and gas. | ရေ ၊လျှပ်စစ် ၊ဓာတ်ငွေ့ ပေးတဲ့ ကုမ္ပဏီက နေထုံးစံ အတိုင်း မတူတဲ့ ငွေတောင်းခံစာ တွေရတယ်။ |
| **vomiting** | အန်ခြင်း | The involuntary, forceful expulsion of the contents of one's stomach through the mouth and sometimes the nose. | My son has been vomiting since last night and having diarrhea that began this morning.  I think he is also running a fever as he feels hot to the touch. | ကျွန်မသား မနေ့ညက စပြီး အန်နေတယ်။ ဝမ်းလျှောတာက ဒီမနက် မှစတာ သူ့ကိုထိလိုက်ရင် ပူနေလို့ ၊ သူအဖျား တက်နေတယ် လို့ကျွန်မ ထင်တယ်။ |

| | | | | |
|---|---|---|---|---|
| **water heater** | ရေပူစက် | A household appliance consisting of a gas or electric heating unit under a tank in which water is heated and stored. | The water heater appears to be broken, how much will it cost to repair it or get it replaced? | ရေပူစက် ကြည့်ရတာ ပျက်နေပုံ ရတယ်။ ပြင်ရင် (သို့)ပြန်အစား ထိုးရင် ဘယ်လောက် ကုန်မလဲ။ |
| **year/make/model** | ခုနှစ် /နာမည် /ပုံစံ | Specific information about a vehicle; the year it was made, the manufactuere (make) and the model | Please provide the year, make and model of your vehicle.  We will look in our database to see how much your registration renewal will cost. | ရှင့်ကားရဲ့ ခုနှစ် ၊နာမည် ၊ပုံစံကို ကျေးဇူးပြုပြီး ပေးပါ။ ကျွန်မတို့ရဲ့ အချက်အလက် စာရင်းကို ကြည့်ပြီး မှတ်ပုံတင် သက်တမ်း တိုးဖို့ ဘယ်လောက် ကုန်မလဲ ဆိုတာ ကြည့်ပေးမယ်။ |